မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

June 30 , 2026 | Volume 103 , Number 22

| ၃၀.၆.၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၉၂.၂၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၁.၈၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၈.၃၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၅.၀၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၄၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၁၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၅.၂၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၅.၂၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၂၃ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## “ခရီးသွားလုပ်ငန်းနှင့်ယဉ်ကျေးမှု" ခေါင်းစဉ်အမည်ဖြင့် Short Video ပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်



“ခရီးသွားလုပ်ငန်းနှင့်ယဉ်ကျေးမှု" ခေါင်းစဉ်အမည်ဖြင့် Short Video ပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသအလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်နေရာများ တိုင်းရင်းသားလူမျိုးစုတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ရိုးရာယဉ်ကျေးမှုပွဲတော်များကို ကမ္ဘာလှည့် ခရီးသွားများ ပိုမိုသိရှိပြီး မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသွားများ ပိုမိုလာရောက်စေရန်နှင့် မြန်မာ့ခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ “ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှု" ခေါင်းစဉ်အမည်ဖြင့် Short Video ပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုပြိုင်ပွဲမှဆုရရှိသော Video များကို နေပြည်တော်တွင် ကျင်းပမည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားကို လာမဲ့ စက်တင်ဘာ၂၇ ရက်တွင် ခင်းကျင်းပြသခြင်းနှင့် ဆုချီးမြှင့်ခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် ပထမဆု(၁၅) သိန်း၊ ဒုတိယဆု(၁၂) သိန်း၊ တတိယဆု(၁၀) သိန်းနှင့် နှစ်သိမ့်ဆု(၅) ဆု တစ်ဆုလျှင် (၃)သိန်း ကျပ်စီဖြင့် ဆုငွေချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲ Video များကို ယနေ့(ဇွန် ၂၉ ရက်)မှစတင်၍ ပေးပို့နိုင်ပြီး လာမည့်(ဩဂုတ် ၂၁ ရက်)၊ နေ့လယ်(၃)နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် စည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို နေပြည်တော်တိုင်းဒေသကြီး၊

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ခရီးသွားမြှင့်တင်ရေးဌာန၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း ၀၉ ၄၂၀၇၂၃၇၅၁၊ ၀၆၇၃-၄၀၆၄၇၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**Source:** https://www.npnewsmm.com/news

## စမုံနှမ်းနက်နှင့်နှမ်းဖြူဈေးများ ကျဆင်းနေ



မကွေးမြို့ သီးနှံစုံရောင်းဝယ်ရေးဈေးကွက်မှာ စမုံနှမ်းနက်နဲ့နှမ်းဖြူဈေးတွေ ကျဆင်းနေတယ်လို့ မကွေးမြို့ ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးကျော်ထွန်းက ပြောပါတယ်။

စမုံနှမ်းနက်နဲ့နှမ်းဖြူဈေးတွေက ဇွန်လအစပိုင်းကတည်းက ကျဆင်းနေတာဖြစ်ပြီး အရင်က စမုံနှမ်းနက် တစ်တင်းကို ကျပ်(၂,၃၀,၀၀၀)ဝန်းကျင်ဈေးရှိရာကနေ လက်ရှိမှာ ပစ္စည်းအမျိုးအစားပေါ်မူတည်ပြီး တစ်တင်းအပေါ် ကျပ် ၃၀,၀၀၀ လောက်အထိ ဈေးကျနေတာပါ။

နှမ်းဖြူကလည်း တစ်တင်းကို (၁,၄၀,၀၀၀)ကျပ် ဈေးရှိရာကနေ လက်ရှိမှာ ပစ္စည်းအမျိုးအစားပေါ်မူတည်ပြီး (၁,၂၀,၀၀၀)ကျပ်ဝန်းကျင်သာ ဈေးရှိတော့တယ်လို့ ဦးကျော်ထွန်းက ပြောပါတယ်။ လက်ရှိကာလမှာ မင်းဘူးခရိုင်က ရေသွင်းနှမ်းတွေ ထွက်ရှိနေပြီး မိုးမျှော်စိုက်ပျိုးကြတဲ့ ကုန်းနှမ်းတွေကတော့ လာမဲ့ဩဂုတ်လကုန်ပိုင်းမှာ စတင်ထွက်ရှိမှာဖြစ်ပါတယ်။ မိုးနှမ်းပေါ်ချိန်မှာလည်း ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး ဈေးပြောင်းလဲလာနိုင်သလို တရုတ်ဘက်က ဝယ်ယူမှု များရင်တော့ ဈေးအတက်ဘက်မှာ ရှိလာနိုင်တယ်လို့ မကွေးမြို့က ကုန်သည်တွေက ပြောပါတယ်။

ပြီးခဲ့တဲ့နှစ်က နှမ်းစိုက်ရာသီမှာ စမုံနှမ်းနက်တစ်တင်းကို (၂,၃၀,၀၀၀) ကျပ်ကနေ (၂,၅၀,၀၀၀) ကျပ်အထိ ဈေး ကောင်းရရှိခဲ့ပေမဲ့ နှမ်းဖြူကတော့ တစ်တင်းမှာ (၁,၀၀,၀၀၀) ကျပ် ဝန်းကျင်ဈေးသာရရှိခဲ့လို့ နှမ်းဖြူစိုက်တောင်သူတွေ အရှုံးပေါ်ခဲ့ကြပါတယ်။ အဲဒါကြောင့် အခုနှစ် နှမ်းစိုက်ရာသီမှာ စမုံနှမ်းနက်ကိုသာ အများဆုံး စိုက်ပျိုးကြတယ်လို့ နှမ်းစိုက်တောင်သူတွေဆီက သိရပါတယ်။

**Source :** https://onenewstvchannel.com

## တစ်ပတ်အတွင်း မတ်ပဲဈေးကွက်အခြေအနေ (၃၀-၆-၂၀၂၆ အထိ)

ရောဝတီတိုင်းဒေသကြီး၏ မတ်ပဲဈေးနှုန်းများမှာ လွန်ခဲ့သော သီတင်းပတ်အတွင်း ဈေးနှုန်းအတက်အကျ အနည်းငယ်ရှိခဲ့ပြီး ဈေးတန်းတစ်ခုအတွင်းဈေးငြိမ်နေဆဲဖြစ်ကြောင်း သိရသည်။ တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများမှာ ဇွန်လ ၂၄ ရက်နေ့တွင် မတ်ပဲ ၁ တင်းဈေးနှုန်းသည် ကျပ် ၁,၀၁,၅၀၀၊ ဇွန်လ ၂၅ ရက်နေ့တွင် ကျပ် ၁,၀၂,၅၀၀၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျပ် ၁,၀၃,၃၀၀၊ ဇွန်လ ၂၉ ရက်နေ့တွင် ကျပ် ၁,၀၂,၅၀၀၊ ဇွန်လ ၃၀ ရက်နေ့တွင် ကျပ် ၁,၀၂,၀၀၀ အသီးသီးဖြစ်သည်။

မြန်မာမတ်ပဲကိုအဓိကဝယ်ယူလျက်ရှိသည့် အိန္ဒိယနိုင်ငံတွင် မိုးနည်းခြင်း၊ မတ်ပဲစိုက်ဧက ကျဆင်းခြင်း ပဲခွဲစက်များက ဝယ်လိုအားကောင်းနေခြင်းနှင့် မြန်မာမတ်ပဲတင်သွင်းခွင့် ကုန်ကျစရိတ်တို့အပေါ် မူတည်၍ မြန်မာမတ်ပဲပြည်တွင်း ဈေးနှုန်းဆက်လက်ခိုင်မာလျက်ရှိသည်။

သို့သော်လည်း အိန္ဒိယနိုင်ငံဆိပ်ကမ်းတွင် ပဲအမျိုးမျိုး စတော့ရှိမှုများပြားနေခြင်း၊ နွေမတ်ပဲများ ဈေးကွက်အတွင်း ဝင်လာနေခြင်း၊ ဘရာဇီးလ်မတ်ပဲကိုလည်းဝယ်ယူတင်သွင်းနေခြင်းတို့ကြောင့် လာမည့်သီတင်းပတ်အတွင်း မြန်မာမတ်ပဲ ဈေးနှုန်း သိသိသာသာမြင့်တက်လာရန် အလားအလာနည်းပါးပါသည်။ မြန်မာမတ်ပဲဈေးနှုန်းခိုင်မာနေသော်လည်း အဓိက ဝယ်ယူတင်သွင်းသည့်နိုင်ငံ၏ တက်ဈေးထိန်းချုပ်မှု၊ လက်လီဈေးကွက်တွင် ဝယ်လိုအားကျဆင်းနေခြင်း၊ ကုလားပဲကဲ့သို့ အစားထိုးကုန်စည်ရှိနေခြင်းတို့ကြောင့် မြန်မာမတ်ပဲဈေးနှုန်းသည် အတက်အကျရှိသော ဈေးတန်းတစ်ခုတွင် ဆက်လက်တည်ရှိ နေနိုင်ကြောင်း သုံးသပ်ရရှိသည်။

## မန္တလေးမြို့ရဲ့ ဆီထွက်သီးနှံ မြေပဲဈေးကွက်



ဆီထွက်သီးနှံများတွင် နှမ်းသီးနှံကို ဧရိယာ အများဆုံးစိုက်ပျိုးကြပြီး မြေပဲသီးနှံကို ဒုတိယ အများဆုံး စိုက်ပျိုးကြသည်။ မြေပဲကိုအပူပိုင်း၊ အပူသမပိုင်းနဲ့ သမပိုင်းရာသီဥတုရှိတဲ့ နေရာတွေမှာ စိုက်ပျိုးကြပြီး မြေပဲဆီစားသုံးမှုအနေနဲ့ ကမ္ဘာတစ်ဝှမ်း တန်သန်းပေါင်း များစွာ သုံးစွဲမှုရှိသော သီးနှံတစ်ခုဖြစ်ပါသည်။ မြေပဲ သီးနှံ ကို နုံးမြေနှင့် သဲနုံးမြေတို့သည် မြေပဲစိုက်ရန် အသင့်တော်ဆုံးဖြစ်၍ မန္တလေးတိုင်းဒေသကြီး၏ ရေမြေရာသီဥတုနှင့် ကိုက်ညီမှုရှိရာ တိုင်းတွင်းစိုက်ပျိုးမှု အများဆုံး ဒေသများဖြစ်သော မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင်တို့တွင် တစ်တိုင်းလုံး စိုက်ဧက၏ ၆၇ ရာခိုင်နှုန်းခန့် စိုက်ပျိုးကြ သည်။ မြေပဲစိုက်ပျိုးဖို့ အသင့်တော်ဆုံး အချိန်မှာ မိုးဦး-မေ-ဇွန်၊ မိုးလယ်- ဩဂုတ်၊ မိုးနှောင်း -အောက်တိုဘာ-နိုဝင်ဘာ ဖြစ်ပြီး အထွက်ကောင်းမျိုးများဖြစ်သော ဆင်းပဒေသာ ၅၊ ၆၊ ၇၊ ၉၊ ၁၀ မကွေး ၁၁၊ ၁၅ မျိုးများနှင့် ပင်ပြန့် ကျောင်းကုန်းမျိုး များကို မြေပဲသီးနှံသီးသန့် (သို့) ပဲစဉ်းငုံ၊ နှမ်းတို့နဲ့ သီးညှပ် အနေဖြင့် စိုက်ပျိုးကြသည်။

တိုင်းဒေသကြီး အတွင်း မြေပဲသီးနှံကို ဧက ၆ သိန်း ကျော်ခန့် စိုက်ပျိုးရာ အထွက်နှုန်း ၄၇ တင်းခန့်နှင့် အထွက်တင်း သိန်းပေါင်း (၃၀၀)ကျော်ခန့် ထွက်ရှိကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။ မြေပဲသီးနှံမှာ ဆီဓာတ် ပါဝင်မှု အများဆုံးဖြစ်ပြီး စားသုံးဆီအတွက် အဓိကထား အသုံးပြုရုံ သာမက ဆီပါဝင်မှုသင့်တင့်ပြီး အစေ့အဆန်ကြီးတဲ့ မြေပဲ မျိုးတွေကို မြေပဲထောပတ်၊ မြေပဲယို၊ မြေပဲလှော်၊ မြေပဲပွကြော်ပြုလုပ်ရာမှာ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြပါတယ်။ ဆီထုတ်ယူပြီး ကျန်ရှိသည့်မြေပဲဖတ်ကို တိရစ္ဆာန်အစာအဖြစ်လည်း အသုံးပြုကြသည်။ မန္တလေးကုန်စည်ဒိုင်တွင်လက်ရှိဖြစ် ပေါ်နေသော မြေပဲဆန်နှင့်မြေပဲဖတ်တစ်ပိဿာဈေးနှုန်းများမှာ S1 လုံးဆန်အသစ် ၁၁,၂၀၀-၁၁,၅၀၀ ကျပ်၊ S1 အညာဆီဆံ ၁၁,၀၀၀-၁၁,၂၀၀ ကျပ်၊ S1 ဆီဆံ(သံလမ်း) ၁၀,၅၀၀-၁၀,၈၀၀ ကျပ်၊ အနီလုံးဆံ (ဝိုင်း) ၁၀,၈၀၀-၁၁,၀၀၀ ကျပ်၊ အနီလုံးဆံ(ရှည်) ၁၀,၃၀၀-၁၀,၅၀၀ ကျပ်၊အနီဆီဆံ (အညာ) ၁၀,၃၀၀-၁၀,၅၀၀ ကျပ် ဈေးတို့ရှိပြီး၊ ပဲဆီ တစ်ပိဿာ ၁၇,၀၀၀-၁၈,၀၀၀ ကျပ်၊ ပဲဖတ် တစ်ပိဿာ ၇၄၅၀-၇၅၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဇွန်လဆန်းပိုင်း ဈေးနှုန်းများ အနေဖြင့် S1 လုံးဆန်အသစ် ၁၀,၆၀၀-၁၀,၈၀၀ ကျပ်၊S1 အညာဆီဆံ ၁၀,၀၀၀-၁၀,၃၀၀ ကျပ်၊S1 ဆီဆံ(သံလမ်း) ၉၇၀၀-၉၈၀၀ ကျပ်၊ အနီလုံးဆံ(ဝိုင်း) ၁၀,၅၀၀-၁၀,၈၀၀ ကျပ်၊ အနီလုံးဆံ (ရှည်) ၁၀,၀၀၀-၁၀,၃၀၀ ကျပ်၊အနီဆီဆံ (အညာ) ၉၇၀၀-၁၀,၀၀၀ ကျပ် ဈေးတို့ရှိပြီး၊ ပဲဆီ တစ်ပိဿာ ၁၆,၀၀၀-၁၈,၀၀၀ ကျပ်၊ ပဲဖတ် တစ်ပိဿာ ၇၅၀၀ ကျပ်တို့ဖြစ်ပြီး ယခုရက်ပိုင်းတွင် ဇွန်လဆန်း ဈေးနှုန်းများထက် ဈေးအနည်းငယ်မြင့်တက်လာမှုရှိကြောင်း သိရသည်။

**Source: https://www.doca.gov.mm/**

## ရောဝတီလိုင်စင်သုံးဘီးအိုးဝေများသည် အင်ဂျင်ပါဝါ (၂၀၀ cc)နှင့်(၂၅၀ cc)သာရှိသောကြောင့် ခရိုင်ကျော် သွားလာခွင့်မရှိဟုဆို

ရောဝတီလိုင်စင်ရ သုံးဘီးအိုးဝေများသည် အင်ဂျင်ပါဝါ (၂၀၀ cc)နှင့်(၂၅၀ cc)သာရှိသောကြောင့် မိမိနှင့်သက်ဆိုင်သော ခရိုင်အတွင်းရှိမြို့များသို့သာသွားလာခွင့်ပြုခဲ့ပြီး ရောဝတီတိုင်းအတွင်းရှိ အခြားမြို့များသို့သွားလာခွင့်ပြုရန် အစီအစဉ်ရှိပါကြောင်း လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှ ပြောကြားခဲ့ကြောင်း သိရသည်။

ရောဝတီတိုင်း ဒေသကြီးအတွင်း AYY လိုင်စင်ရရှိထားသော သုံးဘီးအိုးဝေယာဉ်များကို တိုင်းအတွင်းရှိ မြို့တိုင်းသို့ သွားလာခွင့်ပြုပေးရန်အစီအစဉ်ရှိ၊ မရှိ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြန်လည် ဖြေကြားရာတွင် သုံးဘီးဆိုင်ကယ်အိုးဝေယာဉ်များအနေဖြင့် အင်ဂျင်ပါဝါ (၂၀၀ cc မှ ၂၅၀ cc)အထိသာရှိသောကြောင့် ခရီးသွား ပြည်သူများ၏ အသက်အန္တရာယ်လုံခြုံမှုရှိစေရေးအတွက် မိမိနှင့်သက်ဆိုင်သော ခရိုင်အတွင်းသာ သွားလာခွင့်ပြုထားပြီး တိုင်းအတွင်းရှိ အခြားမြို့နယ်များသို့ သွားလာခွင့်ပြုနိုင်မည်မဟုတ်ကြောင်း ပြန်လည်ဖြေကြားသွားခြင်းဖြစ်သည်။

ဇွန်လ (၃၀) ရက်နေ့တွင် ကျင်းပသောရောဝတီတိုင်းဒေသကြီးလွှတ်တော် (၁၇) ရက်မြောက်နေ့တွင် ဦးကျော်ဝင်းစိန်၊ မအူပင်(၂) ၏ "(AYY)လိုင်စင်ရပြီးသုံးဘီးယာဉ်(အိုးဝေ)များ၊ တိုင်းအတွင်းရှိ မြို့နယ်များသို့ သွားလာခွင့်ရရှိအောင် ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ" မေးခွန်း မေးမြန်းခဲ့ခြင်းဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ထွန်းဇော်က အထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

**Source:** https://www.npnewsmm.com/news

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများက အမေရိကန်၏ ယာယီသွင်းကုန်ခွန်များကို ပြန်လည်သုံးသပ်

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငွေပေးငွေယူရှင်းတမ်း ကန့်သတ်ချက်များဆိုင်ရာကော်မတီ (Committee on Balance of Payments Restrictions– BOP) က ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော အစည်းအဝေး၌ အမေရိကန်၏ ငွေပေးငွေယူရှင်းတမ်း (BOP) လိုငွေပြမှုအရ ကျင့်သုံးခဲ့သည့် သွင်းကုန်အပိုဆောင်းခွန် ၁၀ % နှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။ ကော်မတီဥက္ကဋ္ဌဖြစ်သူ သီရိလင်္ကာသံအမတ်ကြီး R.G.S.P.K. Wijesekara က WTO သို့ အမေရိကန်မှ အကောက်ခွန်နှင့် ကုန်သွယ်ရေးဆိုင်ရာအထွေထွေသဘောတူညီချက် (GATT) ၏ အပိုဒ် ၁၂ (Article XII) အရ သွင်းကုန်အပိုဆောင်းခွန် ၁၀ % အား ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှစ၍ ယာယီကောက်ခံမည်ဟု အကြောင်းကြားထားကြောင်း၊ အဆိုပါအစီအမံကို လွှတ်တော်က ဥပဒေပြဋ္ဌာန်းချက်ဖြင့် သက်တမ်းတိုးမြှင့်ခြင်းမရှိပါက ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် သက်တမ်း ကုန်ဆုံးမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေး၏ ရည်ရွယ်ချက်မှာ အမေရိကန်ပြည်ထောင်စု ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်နိုင်စေရန်နှင့် အမေရိကန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးမှုများ ပိုမိုတိုးတက်လာစေရန် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဖွဲ့ဝင်နိုင်ငံများက အမေရိကန်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့် WTO အတွင်းရေးမှူးရုံးတို့၏ တင်ပြချက်များကို ကြားနာခဲ့ကြပြီး အမေရိကန်ပြည်ထောင်စုက မေးခွန်းများ ပြန်လည်ဖြေကြားခဲ့ကြပါသည်။

အဖွဲ့ဝင်နိုင်ငံများက အမေရိကန်၏ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် အသေးစိတ်အချက်အလက်များ မျှဝေပေးခြင်းတို့အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ကြသလို အချို့အဖွဲ့ဝင်နိုင်ငံများက အမေရိကန်နိုင်ငံ၏ ငွေပေးငွေယူရှင်းတမ်း အခြေအနေ မည်မျှအထိ ပြင်းထန်ဆိုးရွားနေမှု၊ IMF သုံးသပ်ချက်အတွက် အသုံးပြုထားသောနည်းလမ်းနှင့် GATT Article XII အကြား ဆက်စပ်မှု၊ ယခုကဲ့သို့ ယာယီအပိုဆောင်းခွန်ကောက်ခံရန် လိုအပ်ချက်၊ အချို့သောနိုင်ငံများ၏ ကုန်စည်များကို ကင်းလွတ်ခွင့်

ပေးထားမှု၊ ယခုအစီအမံကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအပေါ် သက်ရောက်နိုင်မှု၊ ပြန်လည်ရုပ်သိမ်းပေးရေးတို့နှင့် ပတ်သက်၍ မေးခွန်းထုတ်ခဲ့ကြသည်။

ကော်မတီဥက္ကဋ္ဌက ဆွေးနွေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် နောက်ထပ်ဆွေးနွေးမှုများ ထပ်မံလိုအပ်ခြင်း ရှိ၊ မရှိ သုံးသပ်ရန်အတွက် အချိန်ပိုမိုလိုအပ်ကြောင်း၊ ငွေပေးငွေယူရှင်းတမ်း ပြဋ္ဌာန်းချက်များဆိုင်ရာ ညှိနှိုင်းမှုများကို GATT 1994 စာပိုဒ် ၁၃ နှင့်အညီ အထွေထွေကောင်စီသို့ တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ငွေပေးငွေယူရှင်းတမ်း (BOP) ဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရသော WTO အဖွဲ့ဝင်နိုင်ငံများသည် GATT 1994 နှင့် GATS တို့ပါ ပြဋ္ဌာန်းချက်များအရ သွင်းကုန်ကန့်သတ်မှုများကို ကျင့်သုံးနိုင်ပြီး ကျန်အဖွဲ့ဝင်နိုင်ငံများနှင့် BOP ကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရပါသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) အားလည်း BOP ကော်မတီအစည်းအဝေးများတွင် ပါဝင်တက်ရောက်ရန် ဖိတ်ကြားလေ့ရှိသည်။

**Source: https://commerce.gov.mm/**

## အာဖရိက၏ ဆန်ဝယ်လိုအားကျဆင်းမှုနှင့် ဘင်္ဂလားဒေ့ရှ်၏ ဆန်ဈေးတက်မှုတို့ကြောင့် အိန္ဒိယဆန်တင်ပို့သူများ အခက်အခဲကြုံ

အိန္ဒိယ ဆန်ပို့ကုန်လုပ်ငန်းရှင်များသည် ပထဝီနိုင်ငံရေးတင်းမာမှုများ၊ ဘင်္ဂလားဒေ့ရှ်၏ ဆန်ဈေးနှုန်း ဆက်တိုက်မြင့်တက်နေမှု၊ အာဖရိကကဲ့သို့ အဓိကဆန်ဈေးကွက်များတွင် ဝယ်လိုအားကျဆင်းနေမှု စသည့်အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း၊ ယင်းသို့ ဝယ်လိုအားကျဆင်းခြင်း၊ ဈေးနှုန်းဖိအားများနှင့် အခြားဆန်တင်ပို့သည့်နိုင်ငံများမှ ဈေးကွက်ယှဉ်ပြိုင်မှုတိုးမြင့်လာခြင်းတို့ကြောင့် ၂၀၂၆ ခုနှစ်အတွင်း အိန္ဒိယ၏ဆန်တင်ပို့မှုသည် ၁၀ ရာခိုင်နှုန်းနီးပါး ကျဆင်းသွားနိုင်ကြောင်း ခန့်မှန်းထားသည်။

အိန္ဒိယ၏ ဘာစမာတီမဟုတ်သောဆန် (Indian non-basmati rice) ကို အာဖရိကဈေးကွက်များသို့ အဓိကတင်ပို့နေသော်လည်း ဝယ်လက်များက အခြားဈေးနှုန်းသက်သာမည့် နည်းလမ်းများ ရှာဖွေလာသောကြောင့် ဈေးကွက်ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာခဲ့ကြောင်း၊ အိန္ဒိယမှာ နိုင်ငံတကာဆန်ကုန်သွယ်မှုတွင် ဈေးကွက်အခိုင်အမာ ရရှိထားသော်လည်း ကမ္ဘာ့ဆန်ဈေး ကျဆင်းခြင်းနှင့် ဈေးကောင်းမရခြင်းတို့ကြောင့် ဆန်ပို့ကုန်လုပ်ငန်းရှင်များ၏ ဝင်ငွေကို ထိခိုက်လျက်ရှိသည်။

အခက်အခဲများကို ကျော်လွှားရန်အတွက် ပို့ကုန်လုပ်ငန်းရှင်များသည် ဈေးကွက်သစ်များရှာဖွေခြင်း၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြင့်တင်ခြင်းနှင့် ကုန်စည်စီးဆင်းမှုစနစ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ အိန္ဒိယသည် ရေတိုအခက်အခဲများရှိနေသော်လည်း ဈေးကွက်သစ်များရှာဖွေခြင်းနှင့် တန်ဖိုးမြင့်ဆန်ထုတ်လုပ်တင်ပို့မှုများ ဆောင်ရွက် နေသော ကမ္ဘာ့အကြီးဆုံး ဆန်တင်ပို့သူဖြစ်သည်။ အိန္ဒိယ၏ ကမ္ဘာ့ဆန်တင်ပို့မှု တိုးတက်ရန်မှာ ထောက်ပံ့ပို့ဆောင်ရေး၊ အရည်အသွေးစံနှုန်းများနှင့် ဈေးကွက်ဗျူဟာများကိုမြင့်တင်ရန်လိုအပ်သည်။

**ဆန်အလုံအလောက်ရှိသော်လည်း ဆန်ဈေးနှုန်းများ ဆက်လက်မြင့်မားနေသော ဘင်္ဂလားဒေ့ရှ်**

ဘင်္ဂလားဒေ့ရှ်၏ လူကြိုက်များသော ဆန်အမျိုးအစားများဖြစ်သည့် Miniket နှင့် Nazirshail တို့သည် လက်လီဈေးကွက်တွင် ဈေးနှုန်းမြင့်မားနေခြင်းကြောင့် စားသုံးသူများမှာ နေ့စဉ်စားသောက်စရိတ်မြင့်တက်မှုကို ကြုံတွေ့နေရကြောင်း၊ ယင်းသို့ ဆန်ဈေးကာလကြာရှည် မြင့်တက်နေမှုကိုဖြေရှင်းရန် အစိုးရက စားနပ်ရိက္ခာဖူလုံရေး အရန်ဆန်သိုလှောင်ရန် ဆန်တင်သွင်းခြင်းကို ဦးစားပေး ဆောင်ရွက်နေသော်လည်း ဈေးနှုန်းတည်ငြိမ်စေရေးမှာ စိန်ခေါ်မှုတစ်ရပ်အဖြစ်ရှိနေသည်။

ဈေးကွက်စောင့်ကြည့်သူများက ဈေးကွက်အတွင်း ဆန်ပုံမှန်ရရှိနေသော်လည်း စောင့်ကြည့်သည့်စနစ် အားနည်းမှု၊ ထောက်ပံ့ရေးကွင်းဆက်ပြဿနာများနှင့် ဈေးကွက်အတွင်း မတရားခြယ်လှယ်မှုများကြောင့် ဆန်ဈေးနှုန်းများမြင့်တက်ရကြောင်း၊ ဈေးကွက်ကို ထိရောက်စွာ မကိုင်တွယ်နိုင်သောကြောင့် စားသုံးသူများထံ အကျိုးကျေးဇူးများ မရောက်ရှိကြောင်း သုံးသပ်ခဲ့ကြသည်။

တာဝန်ရှိသူများအနေဖြင့် ဈေးကွက်အတွင်း ဈေးနှုန်းသက်သာသော အရန်ဆန်များကို အများပြည်သူထံ တိုက်ရိုက်ရောင်းချပေးခြင်း၊ ဖြန့်ဖြူးရေးစနစ်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့် တရားမျှတသော ဈေးနှုန်းယန္တရားများ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ရမည်။

**Source:** https://commerce.gov.mm/

## STOCK EXCHANGE (30.6.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Jun. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,659 (Shares) | 103,585,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 18,000 | +500 | +2.86% | 17,000 | 18,000 | 17,000 | 1,195 | 20,930,500 | 33,109,694 | 595,975 |
| MTSH | 00002 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 4,580 | 39,388,000 | 38,929,150 | 334,791 |
| MCB | 00003 | 12,500 | -500 | -3.85% | 12,500 | 12,500 | 12,500 | 32 | 400,000 | 10,400,986 | 130,012 |
| FPB | 00004 | 7,000 | -100 | -1.41% | 7,100 | 7,100 | 7,000 | 1,685 | 11,903,400 | 31,144,738 | 218,013 |
| TMH | 00005 | 3,650 | +50 | +1.39% | 3,400 | 3,650 | 3,400 | 6 | 21,150 | 12,823,224 | 46,805 |
| EFR | 00006 | 2,050 | +50 | +2.50% | 2,000 | 2,050 | 2,000 | 1,594 | 3,195,450 | 19,977,223 | 40,953 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 50 | 200,000 | 10,497,598 | 41,990 |
| MAEX | 00008 | 6,100 | +0 | +0.00% | 6,000 | 6,100 | 6,000 | 4,517 | 27,547,000 | 23,804,946 | 145,210 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 29th Jun. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 819.11 | +5.21 | +0.64% | 801.18 | 819.89 | 801.18 | 13,659 | 103,585,500 | 8 | 1,553,749 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 29th Jun. 2026

| Trading Volume | Trading Value |
|---|---|
| 13,780 (Shares) | 107,501,800 (MMK) |

## Main Board

As of 1:00 pm, 29th Jun. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,659 (Shares) | 103,585,500 (MMK) |

| MYANPIX | 819.11 ▲ 5.21 |
|---|---|
| Total Volume (shares) | 13,659 |
| Total Value (MMK) | 104 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,553,749 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 18,000 | ▲ 500 |
| MTSH | 00002 | 8,600 | ▲ 0 |
| MCB | 00003 | 12,500 | ▼ 500 |
| FPB | 00004 | 7,000 | ▼ 100 |
| TMH | 00005 | 3,650 | ▲ 50 |
| EFR | 00006 | 2,050 | ▲ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 6,100 | ▲ 0 |

TIR